ပဉ္စမအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲ
ဖေဖော်ဝါရီလ(၁၅)ရက်၊ ရန်ကုန်မြို့

၁။ ပဉ္စမအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲကို "Supporting Needs For SMEs" ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဖေဖော်ဝါရီလ(၁၅)ရက်နေ့က ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ ကို Parami Energy Group of Companies က အဓိကပံ့ပိုးထားပြီး၊ PT & MM Event Ads Co., Ltd မှ စီစဉ်ကျင်းပခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သစ်တောနှင့် စွမ်းအင် ဝန်ကြီးဌာနဝန်ကြီး ဦးကျော်စိုး တက်ရောက်ဖွင့်လှစ်သည်။

၂။ အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာခေါင်းစဉ်များနှင့် ဟောပြောဆွေးနွေးသူများ

(၁) **Reporting ERIA's Mid-Team Reiew on AEC Blueprint**
(ဒေါ်တင်တင်ထွေး၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်အုပ်စု၊ အငြိမ်းစားညွှန်ကြားရေးမှူး၊ National AFTA Unit၊ အမျိုးအားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန)

(၂) **SME Financing**
(ဦးစံသိန်း၊ အကြီးတန်းအကြံပေး၊ အသေးစားနှင့်အလတ်စား လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် SMIDB)

(၃) **Market Economy Marketing**
(ဦးဇော်သန်း၊ အယ်ဒီတာချုပ်၊ Eco Echo Journal)

(၄) **AEC 2015 and Beyond: Gaining Competitive Advantage for Myanmar Construction SMEs**
(ဒေါက်တာကျော်သူ၊ အကြံပေး၊ Green EHSS Consulting)

(၅) **SME Experience**
(ဦးတိုးလှိုင်၊ ဒါရိုက်တာ၊ မာဂကုန်ထုတ်လုပ်မှုကုမ္ပဏီ)

(၆) **Moderator**
(ဦးတင်ချို၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင်အုပ်စုကုမ္ပဏီများ)

| | | | |
|---|---|---|---|
| ကျင်းပသည့်နေ့ရက် ။ ။ | ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက် | | |
| ကျင်းပသည့်နေရာ ။ ။ | ကုန်သည်ကြီးများဟိုတယ်၊ ရန်ကုန်မြို့ | | |
| တက်ရောက်သူများ ။ ။ | လွှတ်တော်ကိုယ်စားလှယ် | - | ၅ |
| | ဌာနဆိုင်ရာဝန်ထမ်း | - | ၁၂ |
| | ကုမ္ပဏီဝန်ထမ်း | - | ၇၇ |
| | မီဒီယာ | - | ၂၉ |
| | စုစုပေါင်း | - | ၁၂၃ |

၃။ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာသူများ အဖွဲ့လိုက်တင်ပြဆွေးနွေးချက်များကို ကဏ္ဍတစ်ခုချင်းအလိုက် ကောက်နုတ်တင်ပြအပ်ပါသည်။

## Marketing

- ငွေကြေးအရင်းအနှီး - နိုင်ငံတော်အနေဖြင့် မြန်မာ SME များအတွက် ငွေကြေးအရင်းအနှီးနှင့် လိုအပ်သောအတွေ့အကြုံများကို ဖြည့်ဆည်းပေးရန် အချိန်ရသေးသည်။ SME များသည် ကြီးမားသော အပေါင်မတင် နိုင်သောကြောင့်၊ နိုင်ငံတော်အနေဖြင့် အတိုးနှုန်းများသက်သာအောင် ဆောင်ရွက်ပေးသင့်သည်။
- SME များအတွက် ကုန်စည်နှင့် ဝန်ဆောင်မှု Niche Market ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်သည်။
- ဈေးကွက်သစ်များဖော်ထုတ်ရန်။
- ပြည်တွင်းထုတ်လုပ်မှုအတွက် ကုန်ကြမ်းရရှိအောင်ဆောင်ရွက်ရန်။
- ဝန်ဆောင်မှုကဏ္ဍတွင် အနီးနားပတ်ဝန်းကျင် ဒေသန္တရခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးမှုကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။
- PPP (Public Private Partnership) တွင် Outsourcing ကိုဖန်တီးပေးရန်။
- ဈေးကွက်တည်ငြိမ်ရေးနှင့် ထိန်းကျောင်းရေးအတွက် Steering Committee ထားရှိသင့်ကြောင်း။
- ဈေးကွက်နှင့်ပတ်သက်သော အတင်းအချက်အလက်များထုတ်ပြန်ရန် Channel တစ်ခုထားပေးသင့်ကြောင်း။
- SME Project များကို သတင်းအဖြစ်ထုတ်ပြန်ဝေငှပေးရန်။
- RoI (Return on Investment) awareness ကို နိုင်ငံသားတိုင်းသိရှိစေရန် ထုတ်ပြန်ဆောင်ရွက်သင့်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

## Knowlodge

- ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် AEC ကိုကျော်လွှားနိုင်ရန် Dve Diligence လုပ်ငန်းစဉ်ဖြစ်သော တစ်ဖက်လုပ်ငန်းနှင့် ဆက်စပ်ပတ်သက်မှုများကို ကြိုတင်မေးမြန်းစုံစမ်းမှုပြုလုပ်ရန်၊ အငြင်းပွားမှုများနှင့် တရားဥပဒေရင်ဆိုင်မှုကိစ္စများ ဖြစ်ပေါ်လာပါက မည်သို့ရင်ဆိုင်မည်ကို ကြိုတင်ပြင်ဆင်ရန်။
- IPR(Intellectual Property Right) နှင့်ပတ်သက်၍ အသိပညာကြွယ်ဝစေရန် ကြိုတင်လေ့ကျင့်သင်ယူမှုများပြုလုပ်ရန်၊
  JV စာချုပ်များလက်မှတ်ရေးထိုးလျှင် IPR နှင့်ပတ်သက်သော စာပိုဒ်များ၊ ချိုးဖောက်မှုများ ရှိ၊ မရှိ စီစစ်ရန်။
- လူငယ်များအနေဖြင့် SWOT/ Feasibility Analysis များကို လေ့ကျင့်သင်ယူရန် AEC ကိုကျော်ဖြတ်ရန်။
- နိုင်ငံခြားမှဝင်ရောက်လာသော ကုမ္ပဏီများ၏ CSR ပေါ်လစီကိုလေ့လာစီစစ်ရန်၊ CSR မခိုင်လျှင် ရင်းနှီးမြှုပ်နှံမှုပေးရန် မလိုကြောင်း။
- R&D (Research & Development) ကို တာဝန်တစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ရန်။
- နိုင်ငံတော်အနေဖြင့် ကောင်းမွန်ခိုင်မာသော အခြေခံအဆောက်အဦးများ ဆောင်ရွက်ပေးရန်။
- အင်တာနက်နှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စွာ တည်ဆောက်ပေးရန်။
- လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းနှင့် အလုပ်သင်ကျောင်းများတည်ထောင်ပေးရန်။
- 'ဥပဒေတိုင်းသည် တရားသောဥပဒေဖြစ်ရန်လိုသည်' ဟူသောဆောင်ပုဒ်နှင့်အညီ၊ လွှတ်တော်များမှလည်း တရားသော ဥပဒေများကို ရေးဆွဲရန်နှင့် အစိုးရအဖွဲ့မှလည်း ပေါ်လစီများကိုအကောင်အထည်ဖော်ရန်။
- Brain gaining environment creation ဟူသော ပြည်ပပညာတော်သင်များနှင့် ပြည်ပရောက်မြန်မာများ အမိနိုင်ငံ သို့ ပြန်လာစေရန် ပြုပြင်ပြောင်းလဲမှုများနှင့် ကြိုးစားဖန်တီးရန်။

- နိုင်ငံတော်နှင့် ပုဂ္ဂလိကပူပေါင်းဆောင်ရွက်ရမည့်ကဏ္ဍများတွင် -
- ကောင်းမွန်သောစိတ်ခံယူချက်ကိုမွေးမြူရန်။ (သင်ယူမှု၊ ခံယူချက်)
- အတက်ပညာလွှဲပြောင်းယူရေးနှင့် နည်းလမ်းများလုပ်ဆောင်ရန်။
- ရရှိလာသော အခွင့်အလန်းနှင့် အဆက်အသွယ်များကို မြန်မာနိုင်ငံသားအချင်းချင်းကြား မျှဝေရန်။
- ဥပဒေနှင့် နည်းပညာစည်းကမ်းများ ပိုမိုနားလည်အောင်လေ့ကျင်ရန်။
- လွတ်လပ်ပွင့်လင်းမှုနှင့် တာဝန်ခံမှုကိုပိုမိုလုပ်ဆောင်ရန်။
- ဝန်ဆောင်မှု အရည်အသွေးကို ပိုမိုတိုးတက်အောင်မြှင့်တင်ရန်။
- အနာဂတ်လူငယ်များကို လေ့ကျင်သင်ယူစေရန်။
- ကောင်းမွန်သောလေ့ကျင့်သင်ယူမှုနှင့် လုပ်ငန်းပတ်ဝန်းကျင်ကိုဖန်တီးရန်။
- စွန့်ဦးတည်ထွင်မှုကို ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ရန်။
- လုပ်ငန်းတိုးချဲ့ နည်းဗျူဟာများကိုအာပေးရန်။
- အများပြည်သူသိရှိနားလည်နိုင်စေရန် မီဒီယာမှတဆင့် ထုတ်ပြန်ကြေညာချက်များဆောင်ရွက်ရန်။
- လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ရန်။
- အတင်းဖလှယ်မှုနှင့် စုပေါင်းအင်အားထုတ်လုပ်ဆာင်ရွက်ရန်စသည့်ဖြင့် ဆွေးနွေးသွားကြသည်။

## SME Financing

- လုပ်ငန်းပိုင် Fixed Asset များပေါ်မူတည်၍ ချေးငွေကို 75% အထိတိုးမြှင့်ပေးရန်။
- လွှဲပြောင်းနိုင်သော ပစ္စည်းများကိုလည်း
- ချေးငွေများကို ဘဏ်တစ်ခုမှတစ်ခုသို့ လွှဲပြောင်းပေးနိုင်ရန် (ဥပမာ-SMIDB သို့လွှဲပြောင်းနိုင်ရန်)
- ဝန်ဆောင်မှုကဏ္ဍတွင်လည်း အတိုးနှုန်း 8.5% ကို တဖြည်းဖြည်းလျှော့ချပေးနိုင်ရန်။
- SMIDB ဘဏ်သည် SME များကို ကိုယ်စားပြုသောဘဏ်တစ်ခုဖြစ်စေလိုကြောင်း။
- လုပ်ငန်းများအတွက် Credit Information Poureau နှင့် Credit Guarantee Corporation များ ထူထောင်ပေးရန်၊ သို့မှသာ ယင်းအဖွဲ့အစည်းများက Guarantee institution အနေဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ( ဥပမာအားဖြင့်- အစိုးရဌာန၊ UMFCCI၊ စက်မှုကုန်ထုတ်လုပ်ငန်းပူပေါင်းစီစဉ်နိုင်ရန် )
- အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် Incentive နည်းနေသေးကြောင်း၊ အခွန်အတုတ်များကို လျှော့ချသင့် ကြောင်း။
- ဘဏ်တိုးနှုန်းများကို လျှော့ချပေးရန်
- M&E (စောင့်ကြည့်အကဲဖြတ်) အဖွဲ့အစည်းကို သက်ဆိုင်ရာဌာနမှတည်ထောင်ပေးရန်။
- သက်ဆိုင်ရာအဖွဲ့အစည်းမှ အပြန်အလှန်ထိန်းကျောင်းမှုပြုလုပ်ပေးရန်စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။
- SMIDB ဘဏ်နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးရာတွင် ဦးစံသိန်းက SMIDB သည် Industry ကိုဘဲ အာရုံစိုက်ခဲ့ပြီး နောင်တွင် SME များကိုပါ အာရုံစိုက်မည်ဖြစ်ကြောင်း၊ အကြောင်းမှာ SME များအတွက် Balance Sheet ဆွဲရာတါင် ဝန်ထုတ်ဝန်ပိုးဖြစ်မည်စိုး၍ဖြစ်ကြောင်း၊ SMIDB သည် အစိုးရဘဏ်မဟုတ်ပဲ စက်မှုဝန်ကြီးဌာနက ကြောထောက် နောက်ခံပြုထားသော Share holder ဘဏ်ဖြစ်ကြောင်း၊ Share holder များမှာလည်း ပုဂ္ဂလိက Individual များဖြစ် ကြောင်း၊ SME များကိုလည်း SMIDB မှ နောင်တွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်၍ချေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။